# စစ်အုပ်စု၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ


NLTA
NYAN LYNN THIT ANALYTICA

## သုတေသနနည်းနာ

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဆိုသည်မှာ ခုခံနိုင်ခြင်းမရှိသည့် လက်နက်မဲ့သူများ အထူးသဖြင့် အပြစ်မဲ့အရပ်သားအများအပြားကို သတ်ဖြတ်ခြင်းကို ဆိုလိုပါသည်။ ထိုသတ်ဖြတ်မှုများမှာ အချိန်အတိုင်းအတာတခုအတွင်း နေရာတခု (သို့) ဒေသတခု၌ အစုအဖွဲ့တခုမှ ကျူးလွန်ခြင်းဖြစ်သည်။ ဤအစီရင်ခံစာတွင် အရပ်သားများအကြမ်းဖက်သတ်ဖြတ်ခြင်းခံရသည့် ပုံစံအမျိုးအစားများကိုပါ ထည့်သွင်းစဉ်းစားပါသည်။ ဤအစီရင်ခံစာသည် ၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ (၄) လတာ ကာလအတွင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် အရပ်သား (၅)ဦးနှင့် (၅)ဦးအထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်များကို လေ့လာဆန်းစစ်ထားခြင်းဖြစ်ပါသည်။ ဤအချက်အလက်များကို တော်လှန်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များနှင့် လွတ်လပ်သောသတင်းမီဒီယာ စုစုပေါင်း (၅၃) ခုမှ ဖော်ပြချက်များကို အခြေခံကာ ထုတ်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။

## ၂၀၂၃ ခုနှစ် မေလမှ ဩဂုတ်လအတွင်း စစ်အုပ်စု၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

၂၀၂၃ ခုနှစ် မေလမှ ဩဂုတ်လအထိ (၄) လတာအတွင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သော အရပ်သားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ပေါင်း အနည်းဆုံး (၂၇) ကြိမ်ရှိခဲ့ပြီး အရပ်သားသေဆုံးသူ စုစုပေါင်း (၁၈၈) ဦး ရှိခဲ့သည်။ ၂၀၂၃ ခုနှစ် မေလမှ ဩဂုတ်လအထိ (၄) လတာအတွင်း စစ်အုပ်စုသည် တိုက်ပွဲဖြစ်ပွားစဉ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်စဉ်ဖြစ်စေ၊ လေကြောင်းအသုံးပြု၍ဖြစ်စေ၊ အကြောင်းမဲ့ဖမ်းဆီး၍ဖြစ်စေ၊ လက်နက်ကြီးအသုံးပြု၍ဖြစ်စေ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့သည်။




**ဖြစ်စဉ်ပေါင်း**

**၂၇**

၂၀၂၃ မေလမှ ဩဂုတ်လအတွင်း

လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်

အနည်းဆုံး (၂၇) ခု ထိရှိခဲ့သည်။




အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ကြောင့် သေဆုံးမှုအရေအတွက် **၁၈၈**

တိုက်ပွဲဖြစ်ပွားနေစဉ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်နေစဉ် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် **၉၁**

၂၀၂၃ မေလမှ ဩဂုတ်လအတွင်း တိုက်ပွဲဖြစ်ပွားနေစဉ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်နေစဉ် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရသောအရပ်သား အရေအတွက်သည် စုစုပေါင်း၏ ၄၈%ရှိသည်။

# ၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ နိုင်ငံတဝှမ်းရှိ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

- ၅ ဦး
- ၁၀ ဦး
- ၃၀ ဦး




| မြို့နယ် | သေဆုံးသူစုစုပေါင်း |
|---|---|
| ထန်းတပင် | ၃၀ ဦး |
| ယင်းမာပင် | ၁၈ ဦး |
| ပုလဲ | ၁၂ ဦး |
| ကောလင်း | ၉ ဦး |

### (၁) တိုက်ပွဲဖြစ်ပွားစဥ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်စဥ် သတ်ဖြတ်ခြင်း

၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ (၄) လတာကာလအတွင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဥ်များတွင် တိုက်ပွဲဖြစ်ပွားစဥ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်စဥ် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုမှာ အများဆုံးဖြစ်သည်ကိုတွေ့ရပြီး ထိုဖြစ်စဥ်များကြောင့် သေဆုံးခဲ့ရသော အရပ်သားအရေအတွက်မှာလည်း အများဆုံးဖြစ်ခဲ့သည်ကို တွေ့ရသည်။ တိုက်ပွဲဖြစ်ပွားစဥ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်စဥ် စစ်အုပ်စုမှ အရပ်သားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် ဖြစ်စဥ် အနည်းဆုံး (၁၃) ခုရှိခဲ့ပြီး သေဆုံးသူ စုစုပေါင်း (၉၁) ဦးရှိခဲ့သည်။ အဆိုပါဖြစ်စဥ်များမှာ စစ်ကိုင်းတွင် (၈) ခု၊ ပဲခူးတွင် (၂) ခု၊ မန္တလေးတွင် (၂) ခု နှင့် မကွေးတွင် (၁) ခု ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ စစ်အုပ်စုသည် တော်လှန်ရေးအင်အားစုများနှင့် တိုက်ပွဲဖြစ်ပွားရာဒေသများအနီးရှိ ကျေးရွာများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအားကောင်းသည်ဟု ယူဆသည့်ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်ကာ အရပ်သားများကို ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း၊ အရပ်သားအလောင်းများနှင့် နေအိမ်များကို မီးရှို့ခြင်း စသည်ဖြင့် ကျူးလွန်ခဲ့ကြသည်။

### (၂) လေကြောင်း တိုက်ခိုက်မှုကြောင့်ဖြစ်စေ၊ လေကြောင်းအကူအညီဖြင့်ဖြစ်စေ သတ်ဖြတ်ခြင်း

စစ်အုပ်စုက အရပ်သားများအပေါ် ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဥ်များတွင် လေကြောင်းအသုံးပြုတိုက်ခိုက်မှုဖြစ်စဥ်လည်း ပါဝင်သည်။ နိုင်ငံတဝှမ်းတွင် စစ်အုပ်စု၏ လေကြောင်းအသုံးပြု တိုက်ခိုက်မှုကြောင့် အရပ်သားများအစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့်ဖြစ်စဥ် အနည်းဆုံး (၇) ခု ရှိခဲ့ပြီး သေဆုံးသူ စုစုပေါင်း (၅၃) ဦး ရှိခဲ့သည်။ အဆိုပါဖြစ်စဥ်များကြောင့် သေဆုံးခဲ့ရသည့် အရပ်သားများမှာ စစ်ကိုင်းမှ (၂၄) ဦး၊ ကရင်နီမှ (၁၂) ဦး၊ ပဲခူးမှ (၁၀) ဦးနှင့် ရှမ်း (မြောက်ပိုင်း) မှ (၇) ဦး တို့ဖြစ်ကြသည်။


### (၃) အကြောင်းမဲ့ ဖမ်းဆီးကာ သတ်ဖြတ်ခြင်း

စစ်အုပ်စုသည် စစ်ကြောင်းထိုးရာ လမ်းတလျှောက်တွင် အရပ်သားများကို လမ်းပြအဖြစ် ဖမ်းဆီးခြင်း၊ ဓားစာခံအဖြစ်ဖမ်းဆီးကာ အကြောင်းမဲ့သတ်ဖြတ်ခြင်းများအပြင် ၎င်းတို့ အထိုင်ချရာဂိတ်နေရာများတွင်လည်း လမ်းသွားလမ်းလာအရပ်သားများကို ဖမ်းဆီးကာ PDF ဟု စွပ်စွဲသတ်ဖြတ်ခြင်းများကို ကျူးလွန်ခဲ့ကြသည်။ ၂၀၂၃ ခုနှစ်၊ မေလ (၂၄) ရက်တွင် ရန်ကုန်၊ ရွှာသာကြီး စီးပွားရေးတက္ကသိုလ်အနီး၌ စစ်အုပ်စုက အရပ်သားလူငယ် (၅)ဦးကို PDF ဟု စွပ်စွဲကာ ဖမ်းဆီးပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့တွင်လည်း စစ်ကိုင်း၊ ကောလင်းမြို့နယ်၊ ကျောက်ပုထိုးရွှေတွင်းမှ သစ်ဖုလုတောင်ကုန်းသို့ စစ်အုပ်စုမှ စစ်ကြောင်းတက်ရာတွင် မုတ်ဝရွာမှ အရပ်သား (၆)ဦး၊ ချပ်ကုန်းရွာမှ အရပ်သား (၂)ဦး၊ အင်းယားချောင်မှ အရပ်သား (၂) ဦး၊ ဖက်ခါကုန်းရွာမှ အရပ်သား (၁) ဦး စုစုပေါင်း (၁၁) ဦးတို့ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဖမ်းဆီးခေါ်ဆောင်သွားသူများထဲမှ (၇) ဦးကို တောတွင်းတနေရာတွင် သတ်ဖြတ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအတွင်း စစ်အုပ်စုမှ အကြောင်းမဲ့ ဖမ်းဆီးကာ သတ်ဖြတ်ခဲ့သည့် ဖြစ်စဥ်ပေါင်း (၅) ခုရှိပြီး ထိုဖြစ်စဥ်များအတွင်း အရပ်သားစုစုပေါင်း (၃၂) ဦး သေဆုံးခဲ့သည်။

NYAN LYNN THIT ANALYTICA

## (၄) လက်နက်ကြီးဖြင့် သတ်ဖြတ်ခြင်း

**စစ်အုပ်စု၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားများ၏ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ရပြီး ကလေးငယ်များအပါအဝင် အရပ်သားများ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည်။ စစ်အုပ်စု၏ လက်နက်ကြီးဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်များအတွင်း ပဲခူးတွင် အရပ်သား ၆ ဦး သေဆုံးခဲ့ပြီး စစ်ကိုင်းတွင်လည်း သေဆုံးသူ ၆ ဦးထိ ရှိခဲ့သည်။**




**ဖြစ်စဉ်ပေါင်း**

**၁၇၅**

အာဏာသိမ်းပြီး (၂) နှစ်ကျော်အတွင်း

လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်သည်

အနည်းဆုံး (၁၇၅) ခုထိရှိခဲ့သည်။



အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ကြောင့် သေဆုံးမှုအရေအတွက် **၁၇၆၄**

လေကြောင်းပါဝင်သောအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် **၁၆၆**

အာဏာသိမ်းပြီး ၂နှစ်ကျော်အတွင်း လေကြောင်း တိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသော အရပ်သားအရေအတွက်သည် စုစုပေါင်း၏ ၁၁%ရှိသည်။


# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ နိုင်ငံတဝှမ်းရှိ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

NYAN LYNN THIT ANALYTICA

၂၀ ဦး

၆၀ ဦး

၂၀၀ ဦး




| မြို့နယ် | သေဆုံးသူစုစုပေါင်း |
|---|---|
| ကန့်ဘလူ | ၂၁၇ ဦး |
| ယင်းမာပင် | ၈၈ ဦး |
| ဖားကန့် | ၈၃ ဦး |
| ပဲခူး | ၈၃ ဦး |